မာလကာတောကျေးရွာ

ဝင်းကြီးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

# (၂၀၁၉–၂၀၂၁)

---

ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**မာလကာတောကျေးရွာ၊ ဝန်းသိုမြို့နယ်**

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| မာတိကာ | ၁ |
| စကားချီး | ၅ |
| မာလကာတောကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ် | ၇ |
| မာလကာတောကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ် | ၈ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | |
|---|---|
| (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၉ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | ၉ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၀ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၀ |
| ( ခ) သဘာဝအရင်းအမြစ်များ | ၁၀ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၁ |
| ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၁ |
| ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၂ |
| (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၃ |
| ( င) ကျန်းမာရေးနှင့် အာဟာရ | ၁၄ |
| ( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၄ |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ | |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၅ |
| ( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၅ |
| ( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇ |
| (ဃ) ရွှေ့ပြောင်းလုပ်သားများ | ၁၈ |
| ( င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် | ၁၉ |
| ( စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၁၉ |
| (ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု | ၁၉ |

( ဇ)  ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(ဈ)  အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
( ဋ)  တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
( ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆)  ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅
(၈)  ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က)  နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
( ခ)  ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
( ဂ)  ဦးစားပေး စီမံချက်များ ၂၇
(ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉)  ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က)  ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
( ခ)  ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
( ဂ)  ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ)  ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က)  ကြီးကြပ်စစ်ဆေးခြင်း ၃၃
( ခ)  နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
( ဂ)  နည်းပညာဆိုင်ရာ အကူအညီ ၃၆

**နောက်ဆက်တွဲ**

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တတ်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မာလကာတောကျေးရွာ

ဝင်းကြီးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာစာအုပ်ပြုစုရေးသားသူ

ဒေါ်မေဦးအောင်(အကြီးတန်းစာရေး)

| လ/ အလုပ်အကိုင် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် ☺😐☹ | ☹ | 😐 | ☺ | ☹ | ☺ | ☹ | 😐 | 😐 | 😐 | ☺ | ☺ | 😐 |
| | $ | $$ | $$$ | $ | $$$ | $ | $$ | $$ | $$ | $$$ | $$$ | $$ |
| | | | | | | | | | | | | |
| | - | - | ပျိုးကြဲ | စပါးစိုက် | စပါးစိုက် | နှမ်းစိုက် | - | - | စပါးရိတ် | စပါးသိမ်း | နှမ်းသိမ်း | - |
| | | | | | | | | | | | | |
| | ရေနဲ | ရေနဲ | အသင့်တင့် | ရေများ | ရေများ | ရေများ | ရေများ | ရေများ | အသင့်တင့် | အသင့်တင့် | အသင့်တင့် | ရေနဲ |
| | ရာသီဖျား | - | ငှက်ဖျား | တုတ်ကွေး | ငှက်ဖျား | - | - | ရာသီဖျား | - | - | ရေကျောက်နာ | ရာသီဖျား |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | - | - | အမြစ်ပုတ်ပိုး | - | ရွက်ဖြူပိုး | အညွန့်ပုတ်ပိုး | သီးလုံးဖောက်ပိုး | အနှံပြတ်ပိုး | - | - | - | - |
| | သင်္ကြန်အခါ | - | - | သင်္ကန်းကပ် | - | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | ပဌာန်းပွဲ | - |
| သဘာဝ ဘေးအန္တရာယ် | - | လေတိုက် | လေတိုက် | မိုးကြီး | - | - | - | - | - | - | - | - |

## အပိုင်း က

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။** ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနိုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနိုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနိုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနိုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။ မာလကာကျေးရွာသည် ဝန်းသိုမြို့၏အနောက်တောင်ဘက်(၆)မိုင်အကွာကောလင်း၊ဖန်းသို၊ပင်လည်ဘူးကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပါသည်။ကျေးရွာသည်မြေပြန့်လွင်ပြင်ဖြစ်ပြီးအနောက်ဘက်တွင် လယ်ကွင်းများတောတောင်များရှိပါသည်။ရွာ၏အရှေ့ဘက်တွင်ဘော့လုံးကွင်းနှင့်စိန်တာကျေးရွာ တောင်ဘက်တွင်ကောလင်းနယ်ဖန်းသိုနယ်နမိတ်ကိုပိုင်းခြားထားသောနယ်ကြားမြောင်းကလေးရှိပါ ပြီးမြောင်း၏တဖက်တွင်ကောလင်မြို့နယ်ဖြစ်သည့်အလယ်စုကျေးရွာရှိပါသည်။ရွာ၏တောင်ဘက် တွင်တောင်ကျခေ ျ ာင်းကလေးလည်းရှိပါသည်။ရွာ၏မြောက်ဘက်တွင်ဘုန်းတော်ကြီးကျောင်းရှိပြီး ရွာ၏မြောက်ဘက်ရွာနှင့်(၁)မိုင်ခန့်အကွာတွင်ကံကုန်ကျေးရွာနှင့်ရွာနှင့်(၂)မိုင်ခန့်အကွာတွင်သင်တေ ာကျေးရွာတို့ရှိကြပါသည်။မာလကာတောကျေးရွာသည်ဖန်းသိုမြို့နယ်ဖင်းကြီးအုပ်စုတွင်တည်ရှိ၍ဖ င်း ကြီးအုပ်စုတွင်ဖင်းကြီးကျေးရွာ၊ကံကုန်းကျေးရွာ၊မင်းကုန်းကျေးရွာ၊မာလကာတောကျေးရွာ၊သင် တောကျေးရွာဟူ၍(၅) ရွာတစ်အုပ်စုအဖြစ်တည်ရှိပါသည်။ရွာရှိကျောင်းသားကျောင်းသူများသည် ရွာနှင့်(၂)မိုင်ခန့်ဝေးကွာသောသင်တောအလယ်တန်းကျောင်းသို့ခြေလျှင်၊စက်ဘီးတို့ဖြင့်သွား ရောက်ပညာသင်ယူကြပါသည်။ ရာသီဥတု။ ။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ကိုင်ရန်သင့်တင့်မျှတသောရာသီဥတုရှိပါသည်။ မြေမျက်နှာသွင်ပြင်။ ။မာလကာတောကျေးရွာသည်မြေလတ်ပိုင်တွင်တည်ရှိ၍မြေပြန့် တွင်တည်ရှိပါသည်။မိုးရာသီတွင်ချောင်းရေမြောင်းရေဝင်ရောက်လေ့ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** မာလကာတောကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများမရှိပါ။ ကျောက်၊သဲ၊ကျောက်စရစ်များ ရရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များ နွားစာ၊ ဆေးဘက်ဝင်အပင်များ အသင့်အတင့်ရှိပြီး အသုံးချနိုင်မှုမှ အခက်အခဲများရှိပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိရ ပါသည်။ကျွန်တော်တို့ရွာတွင်လယ်မြေ(၈၄)ဧက ရှိပြီးတောင်ယာမြေ၅၅ဧကရှိပါသည်။လယ်မြေများသည်အသင်အတင့်ကောင်းမွန်သော်လည်းစိုက်ပျို း ရေအဖြစ်အားထားနေရသောတဖက်ဆည်သည်ရေတိုက်စား၍ပါသွားသဖြင့်စိုက်ပျိုးရန်အခက်အခဲ များကြုံတွေ့ရ ပါသည်။မိုးရေကိုသာအားထား၍စိုက်ပျိုးနေရပါသည်။မိုးရာသီမိုးများသောအခါတွင် ရေတင်စက်ဖြင့်ရေတင်၍စိုက်ပျိုးရသည်များလည်းရှိပါသည်။သို့သော်အကုန်ကျများလှသဖြင့်မိမိရင်း နှီးထားသောငွေကိုမိမိပြန်ရှာနေသလိုဖြစ်နေပါသည်။ယာမြေ၊တောင်ယာမြေ(၅၅)ဧကရှိပြီးမြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

## (၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်လက်များ။။** ကျေးရွာတွင် နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ် ကျား ၂ယောက်၊မ ၂ယောက်ပေါင်း၄ယောက်ရှိပါသည်။၁နှစ်မှ၅နှစ်အောက် ကလေးငယ် ကျား၄ ယောက်၊ မ၉ယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိ မူလတန်းကျောင်းသားအရွယ် ကျား ၁၁ ယောက်၊မ ၄ယောက် ရှိပါသည်။၁၀နှစ်မှ၁၅နှစ်အလယ်တန်းကျောင်းသားအရွယ် ကျား ၇၊ မ၄ ယောက် ရှိပါသည်။၁၅နှစ်မှ ၆၅နှစ် အရွယ် အလုပ်လုပ်နိုင်သည့် ကျား၅၈၊မ၄၆ ယောက် ရှိပါသည်။ ၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား ၁၊မ၃ ယောက်ရှိပါသည်။စုစုပေါင်း ကျား၈၃၊ မ ၆၈ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၁၅၁ ယောက်နေထိုင်ကြပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။**

**စီးပွါးရေးအခြေအနနှင့်ဝင်ငွေ။** ။မာလကာတောကျေးရွာသည်စိုက်ပျိုးရေးကိုအဓိက ထားလုပ် ကိုင်ပြီးမွေးမြူရေးလုပ်ငန်းကိုတပိုင်တနိုင်တွဲဘက်လုပ်ကိုင်မှု ကြောင့်စားဝတ်နေရေး ဖူလုံသောအဆင့်တွင်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းမှာ မိုးရေကိုသာ အားထားပြီး တစ်သီးစား စိုက်ပျိုးရသောအခြေ အနေရှိပါသည်၊မိုးနည်းလျှင်ချောင်ရေကိုစက်ဖြင့်တင်၍စိုက်ပျိုးကြရပါသည်။ ယခင်ကဆည်ရှိသ ဖြင့်စိုက်ပျိုးရေအထောက်အကူဖြစ်သော်လည်းယခုအခါဆည်သည် ရေတိုက်စား ၍ ပါသွားသဖြင့် စိုက်ပျိုးရေအခက်အခဲနှင့်ကြုံတွေ့နေရပါသည်။ဆည် ပြုလုပ်၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်လျှင်ဖြင့် ဝင်ငွေတိုးတက်လာနိုင်ပါသည်။ဤရွာတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မဟုတ်သည့်အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်သူမရှိသလောက်နည်းပါသည်။အသက်မွေး ဗမ်း ကျောင်း အတတ်ပညာတတ်မြောက်သူနည်းခြင်း၊ဒေသဖွံ့ဖြိုးမှုအားနည်းခြင်းစသည်တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းမရှိသလောက် နည်းပါးသဖြင့်အခြားနေရာမြို့ရွာများသို့ရွှေပြောင်း လုပ်ကိုင်ကြသူများလည်းရှိပါသည်။။။မြေပိုင်ယာ ပိုင်မရှိသူများသည်စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊ အခြားကြုံရာကျပန်းရရာအလုပ်များ လုပ်ကိုင် ခြင်းဖြင့်အသက် မွေးကြပါသည်။လယ်ယာ စိုက် ပျိုးရေးတွင်ကောက်စိုက်ခြင်း၊ပျိုးနုတ် ခြင်း လုပ် ငန်းများလုပ်ငန်းများတွင်နေ့စား(ကျား– ၄၀၀၀ကျပ်၊မ –၃၀၀၀–ကျပ်နှုန်းဖြင့်ငွားရမ်းရပြီး ပုတ် ပြတ်အများဆုံး ကျား–၉၀၀၀ ၊မ–၃၀၀၀ ခန့်ရရှိပါသည်။အခြားလုပ်ငန်းလုပ်ကိုင်သူမရှိပါ။အလုပ်အ ကိုင်အခွင့်အလမ်း ရှားပါးပါသည်။ ရွာတွင်လက်သမားလုပ်ငန်းဖြင့် အသက်မွေးသူရှိပြီးဆံပင်ညှပ်လုပ်ငန်းလုပ်ကိုင်သူလည်းရှိပါသည်။ ဆံပင်ညှပ်လုပ်ငန်းလုပ်ကိုင်သူမှာမတွင်ကျယ်လှသဖြင့်ဝင်ငွေပုံမှန်မရှိပါ။ဤရွာတွင်လယ်ယာစိုက်ပျိုး ရေး လုပ်ငန်းကိုအဓိကလုပ်ကိုင်သူ(၂၂)အိမ်ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းရွှေတူးဖော်လုပ်ငန်း လုပ်ကိုင်သူ(၁)အိမ်၊အခြာဝင်ငွေရလုပ်ငန်းလက်သမားလုပ်ငန်းလုပ်ကိုင်သူ(၁)အိမ်၊အခြားဝင်ငွေရ လုပ်ငန်းရောင်ဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ(၁)အိမ်၊ကျန်းမာရေးတွင်အရံသားဖွား(၁)ယောက်၊ ဆေးမှူး (၁)ယောက်၊ကုမ္ပဏီတွင် လုပ်ကိုင်သူ(၁)ယောက်စသည်တို့ကိုလေ့လာတွေ့ရှိရပါသည်။

**ပိုင်ဆိုင်မှုနှင့်မမျှတမှု။** ။ဤရွာရှိလယ်မြေများမှာ၈၄ကေရှိပြီးမြေဆီလွှာအရည်အသွေးမှာအ သင့်အတင့်တောင်းမွန်ပါသည်။မိုးရေခံလယ်များဖြစ်၍ မိုးရာသီကာလများတွင်သာစိုက်ပျိုးရသည့် တစ်သီးစားလယ်များဖြစ်ပါသည်။ချောင်းနံဘေးနှင့်နီးသောလယ်များသည်ချောင်းရေကိုစက်ဖြင့်တင် ၍လည်းစိုက်ပျိုးကြသူများလည်းရှိပါသည်။ယာမြေတောင်ယာမြေများသည်( ၅၅ )ကေရှိပါသည်။။။ မြေဆီလွှာ အရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ကြပါသည်။လယ်မြေအမျိုး အစားများတွင် သဲဆန်သောမြေချပ်မြေ၊မြေမမြေကောင်တောနှင့်ရွှံ့စေးမြေတို့ကိုလေ့လာတွေ့ရှိရပါသည်။ဤရွာတွင် အဆင်ပြေအိမ်ထောင်စု ( ၄ )အိမ်သာရှိပြီး၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၇) အိမ်၊မပြေလည် သောအိမ်ထောင်စု (၁၁ ) အိမ်ရှိပါသည်။ မပြေလည်သောအိမ်ထောင်ကများနေသည်ကိုတွေ့ ရှိနိုင် ပါသည်။

**(ဂ)ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု။** ။ဤရွာတွင်၃လအနှင့်၆လကြား၀မ်းစာဖူလုံသူ(၁)ဦး၊ ၆လနှင့်အထက်ဝမ်းစာဖူလုံသူ(၂)အိမ်ရှိပါသည်။ထိုအိမ်များသည်လယ်ယာမြေပိုင်ဆိုင်မှုမရှိသဖြင့် ဝင် ငွေရသောမည်သည့်အလုပ်မဆိုကြုံရာကျပန်းလုပ်ကိုင်၍အသက်မွေးရပါသည်။ မြေပိုင်ယာပိုင်မရှိ သူ များသည် စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊အခြားကျပန်း၊ကြုံရာကျပန်းရရာအလုပ်များလုပ်ကိုင်ခြင်း ဖြင့်အသက် မွေးကြပါသည်။

**ထိခိုက်နစ်နာလွယ်မှု။** ။ကျွန်တော်တို့ရွာတွင်မိုးရာသီ၌မိုးများလျှင်ရွာ၏အရှေ့ရွာဝင် လမ်းမကြီးသို့လမ်းပေါ်ရေကျော်ခြင်း၊သွားလာဆက်သွယ်၍မရခြင်းရေကျော်နေသောလမ်းပေါ်မှရေ များသည် ၃ရက်ခန့်ရေကျော်ပြီးမှရေပြန်ကျပါသည်။လမ်းပေါ်ရှိရေများကျပြီးမှဖြတ်သန်းသွားလာ၍ ရ ပါသည်။ရေလျှံမှုကြောင့်မြေဆီလွှာပျက်ယွင်းမှုအနည်းငယ်ရှိသော်လည်းထိခိုက်သက်ရောက်လွယ် မှုမှာအလယ်အလတ်အဆင့်သာရှိပါသည်။ရွာတွင်သစ်တောပြုန်းတီးမှုမြင့်မားလာပြီးထိခိုက်လွယ်မှု အခြေအနေမြင့်ပါသည်။လမ်းပန်းဆက်သွယ်ရေးအခက်အခဲအနည်းငယ်ရှိပါသည်။ဆေးစွဲသူများအတ င့်အတင့်ရှိသဖြင့်ကူစက်ရောဂါရနိုင်သောသူအနည်းငယ်ရှိပါသည်။လမ်းပန်ဆက်သွယ်ရေးမ ကောင်းသ ဖြင့်ကားမောင်း၍အသက်မွေးသူများထိခိုက်လွယ်မှုအလယ်အလတ်အဆင့်ရှိပါသည်။ လယ်မြေများမကောင်းခြင်း၊မိုးရေခံလယ်များဖြစ်နေခြင်း စိုက်ပျိုးရေမလုံလောက်ခြင်းတို့ကြောင့် စပါး အထွက်နှုန်းများ လျော့ကျသဖြင့် ဝမ်းစာမဖူလုံသော ထိခိုက်လွယ်မှု့ အခြေအနေမြင့်နေသည်ကို လေ့လာတွေ့ရှိပါသည်။ စိုက်ပျိုးရေမှာ မိုးရေကိုသာအားထားနေရသဖြင့် ထိခိုက်လွယ်မှုမှာ မြင့်ပါ သည်။ရွာသည် တောင်များ၊တောတောင်များ ပတ်လည်ဝိုင်းနေသဖြင့် မိုးရာသီတွင် မိုးရေများသည် တောင်ပေါ်မှ တောင်ကျရေများအဖြစ် တရှိန်ထိုး ကျလာသဖြင့် ရေကြီးခြင်း များတခဏအတွင်းတွေ့ ကြုံရပါသည်။ထိခိုက်ပျက်စီးမှုမှာ အလယ်အလတ်ရှိပါသည်။ ကျေးရွာတွင် ရွာတွင်းလမ်း များမ ကောင်းခြင်း မိုးရာသီဗွက်ထချိန်တွင်ဆိုင်ကယ်များဗွက်နှစ်ခြင်းလမ်းချော်ခြင်း များကြောင့် လူ

ငယ်များတွင် ထိခိုက်သက်ရောက်မှုခံစားရရှိနိုင်သည့် အခြေအနေရှိပါသည်။ ထိခိုက်သက်ရောက်နိုင်သည့် အခြေအနေမှာ အလယ်အလတ်အဆင့်ရှိပါသည်။ လက်လုပ် လက်စားကျပန်းများ၏ ထိခိုက်သက်ရောက်လွယ်မှုမှာ အလုပ်အကိုင် အခွင့်အလမ်း နဲပါးသောကြောင့်မြင့်ပါသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများ အသင့်အတင့်ရှိပါသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများ အသင်အတင့်ရှိသောကြောင့် ကူးစက်ရောဂါရရှိနိုင်သောသူများ၊ ဆေးစွဲသူများသည် ထိခိုက်သက်ရောက်လွယ်မှုမှာ အလယ်အလတ်အဆင့် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(၂)(ဃ)ပညာရေး။** ။မာလကာတောကျေးရွာတွင်စာမတတ်သူဦးရေမရှိပါ။မူလတန်းအဆင့်ရှိ သူကျား ၃၇ ၊မ ၃၈ ၊ယောက်ပေါင်း၇၅ယောက်ရှိပြီး၊ အလယ်တန်းအအဆင့်ရှိသူ ၂၉ ယောက်၊မ ၉ယောက်ပေါင်း ၃၈ ယောက် ရှိပါသည်။အထက်တန်းအဆင့်ရှိသူ ကျား- ၅ ၊ မ-၉ပေါင်း ၁၄ယောက်၊ တက္ကသိုလ်၊ကောလိပ်တန်းအဆင့်ရှိသူကျား၂ယောက်၊မ-၁ယောက်ပေါင်း၃ယောက်ရှိပါသည်။ ကျေးရွာတွင်စာသင်ကျောင်းမရှိပါ။။ကျေးရွာနှင့်၃မိုင်အကွာရှိသင်တေားကျေးရွာစာသင်ကျောင်းသို့သွားရောက်ပညာသင်ယူကြပါသည်။စာသင်ကျောင်းတက်ရောက်ဦးရေလျော့နည်းပါသည်။ လက်ရှိကျောင်းတက်နေသောကျောင်းသားဦးရေမှာမူလတန်းအဆင့်ကျောင်းတက်ရောက်မှု အပြည့်အဝရှိသော်လည်း၊အလယ်တန်းနှင့်အထက်တန်းအဆင့်ကျောင်းတက်ရောက်မှုနဲပါးပါသည်။ မူလတန်းကျား-၁၀၊ မ-၅ပေါင်း ၁၅ယောက် အလယ်တန်းအဆင့်ကျား-၃၊ မ၂-ယောက် ပေါင်း၅-ယောက်။ အထက်တန်းကျား-၂၊မ-၅ပေါင်း-၇၊တက္ကသိုလ်၊ကောလိပ်အဆင့်ကျား-၁၊မ-၁၊ပေါင်း၂ယောက်ရှိပါသည်။ကျွမ်းကျင်မှုများအနေဖြင့်စိုက်ပျိုးရေးဖြင့်အသက်မွေးဝမ်းကြောင်းပြုသူတောင်သူပညာအသင့်အတင့်တတ်မြောက် ကျွမ်းကျင်ကြပါသည်။

**(၂)(င) ကျန်းမာရေး နှင့် အာဟာရ။** ။ ဤရွာတွင်ဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုတ်ကွေးရောဂါ၊ငှက်ဖျားရောဂါနှင့်ဆီးချို၊သွေးတိုးရောဂါများအဖြစ်များ၍သာမာန်အဆင်သာရှိ သည်ဟုသိရပါသည်။တီဘီရောဂါမရှိပါ။ကျန်ရောဂါများမှာဖြစ်ပွားမှုနည်း၍အာဟာရချို့တဲ့မှုမရှိပါ။ကျွန်တော်တို့ ရွာနှင့်၁မိုင်ခန့်ဝေးသောသင်တောကျေးရွာကျေးလက်ကျန်းမာရေးမာရေးဌာနသို့ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ မွေးကင်စကလေးငယ်များကာဆေးထိုးခြင်းတို့ကိုသွားရောက်ကုသမှုခံယူကြပါသည်။ ဤရွာတွင် ကျန်းမာရေးဆရာမမှရောဂါများအတွက်ကာကွယ်ဆေးထိုးနှံမှုအပြည့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ရွာတွင်အရံသာဖွား(၁)ဦးနှင့်ဆေးမှူး(၁)ဦးရှိ၍တခါတရံတွင်ကာကွယ်ဆေးများကိုခွဲတန်းပေးကာရွာတွင်ထိုးရသောအခါလည်းရှိပါသည်။ရွာသူ/ရွာသားများကျန်းမာရေးဖျားနာလျှင်အရံသာဖွာနှင့်ဆေးမှူးတို့သည်ရွာအတွက်အလွန်အားထားရပါသည်။တခါတရံကျေးလက်ကျန်းမာရေးဌာနသို့ရွာမှ၁မိုင်ခန့်ဝေးသောနေရာသို့သွားရောက်ကုသမှုခံယူကြပါသည်။ဝန်းသိုမြို့နယ်ဆေးရုံသို့ ၅ မိုင်ခန့်ဝေးပြီး၊ရွာနှင့်၄မိုင် အကွာရှိကောလင်းမြို့နယ်ဆေးရုံသို့လည်းသွားရောက်ကုသကြပါသည်။

ရွာနှင့်အနီးအနားတွင်ဆေးဆိုင်မရှိပါ။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။** ။ကျွန်တော်တို့ရွာတွင် အမျိုးသမီးများ ခေါင်းဆောင်မှုတွင်ပါဝင်မှုမရှိပါ။အမျိုးသမီးများသည်သာရေး/နာရေး/ဘာသာရေးကိစ္စရပ်များတွင်ချက်ပြုတ်ဧည့်ခံကျွေးမွေးခြင်းလုပ်ငန်းများ၌တက်ကြွစွာပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။အမျိုးသမီးများတွင်သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများမတွေ့ရှိရပါ။ရွာ၏သာရေး၊နာရေးကိစ္စများတက်ကြွစွာပါဝင်မှုရှိပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ လူထု၏ အသိအမြင်မှာအားနည်းသည်ဟုသိရှိရပါသည်။လူငယ်များသည်ရွာ၏သာရေးနာရေးများတွင်မဏ္ဍပ်များဆောက်ခြင်းစားပွဲကုလားထိုင်များသယ်ခြင်းနေရာချခြင်း၊ထင်းများခွဲခြင်း၊ဧည့်သည်များကိုရေနွေးကြမ်းတည်ခြင်း၊ဟင်းများလိုက်ခြင်း၊ဖျာများခင်းခြင်း၊တို့ကိုပြုလုပ်လေ့ရှိပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** မာလကာတောကျေးရွာတွင် ကျေးရွာဂေါပကအဖွဲ့ရှိပြီးကျေးရွာ၏သာသနာရေး၊ဘာသာရေး၊လူမှုရေးများကိုအမျိုးသား(၄)ဦးနှင့် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ကျေးရွာတွင်ဓမ္မစကြာအသင်းရှိ၍ဝါတွင်းကာလနှင့်သီတင်းကျွတ်အခါကြီး ရက်ကြီးများနှင့်အလျဉ်းသင့်သလို ဓမ္မစကြာ၊ပရိတ်၊ ပဌာန်းများ ရွတ်ဖတ်ပူဇော်ကြပါသည်။လူငယ်အဖွဲ့ရှိပြီးရပ်ရွာ၏သာရေး၊နာရေး၊လူမှုဖွံ့ရေးလုပ်ငန်းများကိုတတ်စွမ်းသမျှပါဝင်ဆောင်ရွက်ကြပါသည်။အရန်မီးသတ်တပ်ဖွဲ့ဝင်များရှိပါသည်။မီးသတ်သင်တန်းတက်ရောက်ထားသူများဖြစ်ပါသည်။ရွာ၏ မီးရေးထင်းရေးကို ကာကွယ် ရန်ထားရှိပါသည်။မီးဘေးစိုးရိမ်ရလောက်သော အနေအထားမ ရှိပါ။

**(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။မာလကာတောရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာအသင့်အတင့်ရှိပါသည်။၁၂.၅ကေအထက်ပိုင်ဆိုင်သူ(၃)အိမ်သာရှိသည်ကိုတွေ့ရပါသည်။လယ်ယာမြေ (၅)ကေနှင့်အထက်ပိုင်ဆိုင်သူ(၈)ဦးရှိပြီးလယ်မြေ(၁)ကေ(၂)ကေအနည်းဆုံးပိုင်ဆိုင်သူ(၅)အိမ်ရှိပါသည်။ကျေးရွာ၏ရေအရင်းအမြစ်မှာချောင်းရေမှရေသွင်းမြောင်းဖြင့်ရေသွင်း၍စိုက်ပျိုးသောလယ်မြေများရှိသကဲ့သို့မိုးရေကိုသာအားထားရသောမိုးရေခံလယ်များလည်းရှိပါသည်။ ချောင်းရှိသော်လည်းမိုးရာသီတွင်သာရေများပေါ်များပါသည်။နွေရာသီတွင်ရေအလွန်နည်းပါသည်။ စိုက်ပျိုးချိန်တွင်မိုးမရွာခြင်း၊စိုက်ပျိုးရေမရရှိနိုင်ခြင်းတို့ကြောင့်စိုက်ပျိုးရာတွင်အခက်အခဲများရှိပါသည်။ ယခင်ကစိုက်ပျိုးရေအတွက်ဆည်သဖြင့်စိုက်ပျိုးရေအတွက်မစိုးရိမ်ရပါ။ယခုအခါဆည်သည်မိုးရေများပြီးတောင်ကျရေ နှင့်အတူပါပျက်စီးသွားခဲ့သည်မှာကြာပြီဖြစ်၍စိုက်ပျိုးရေအခက်အခဲရှိပါသည်။ပြုပြင်

ရန်ကြိုးစား သော်လည်းပြုပြင်လိုက်ရေပါလိုက်ဖြင့်ရွာအင်အားနှင်မတတ်နိုင်ဖြစ်နေ၍မပြင်နိုင်ဖြစ်နေပါသည်။ယခု နောက်ပိုင်းနည်းပညာဖြင့်အခိုင်အမာတည်ဆောက်လျှင်ရနိုင်ပါသည်။သို့သော်ရွာသားများငွေအင်အားအလုံအလောက်မတတ်နိုင်ကြပါ။စိုက်ပျိုးရေးဆည်ကိုအခိုင်အမာတည်ဆောက်ပေးစေလိုပါသည်။မြေဖြူအမျိုးအစားလယ်မြေမှာအညံ့ဆုံးဖြစ်ပါသည်။သဲဆန်သောမြေသည်ရေသွင်းလျှင်ရေမတင်သောကြောင့်ြြမြေကိုတုတ်နှင့်ထိုးပြီးစိုက်ရပါသည်။စပါးပင်ကောက်ပင်စစိုက်

ချိန်မှအသီးသီးချိန်အထိရေမနေဖြင့်ရေခဏခဏသွင်းရသောအခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ကျေးရွာ၏ရေအရင်းအမြစ်မှာချောင်းရေကိုရေတင်စက်ဖြင့်တင်စိုက်ပျိုးကြပြီးမိုးရေကိုသာအား ထားရသောမိုးရေခံလယ်များလည်းရှိပါသည်။ချောင်းရှိသော်လည်းမိုးရာသီတွင်သာရေအနည်းငယ် ရ နိုင်ပါ သည်။နွေရာသီတွင် ရေအလွန်နည်းပါသည်။စိုက်ပျိုးချိန်တွင်မိုးမရွာခြင်း၊စိုက်ပျိုးရေမရရှိနိုင်ခြင်းတို့ကြောင့်စိုက်ပျိုးရာတွင် အခက်အခဲများရှိပါသည်။လယ်မြေများ၏မြေဆီလွှာအရည်အသွေးများသည်ရွှံ့စေးမြေဆန်သောမြေဖြစ်ပြီးစိုက်ပျိုးချိန်ရောက်လျှင်ပတ်ကြားအက်နေသောမြေများသည် မိုးရေစိမ့်ဝင်မှုမလုံလောက်သေးသဖြင့်စိုက်ပျိုးချိန်နောက်ကျခြင်းများကြုံတွေ့နေရပါသည်။စပါး မှည့်ချိန်တွင်လယ်မြေများသည်စိမ့်ပေါက်၍ရေမခမ်း နိုင်သောပြဿနာများနှင့်ကြုံတွေ့နေရပါသည်။ထို့ပြင်ပင်စည်၊အရွက်၊အနှံများသည်အဝါရောင်ပြောင်းသွားပြီးအဖြူရောင်ပြပိုးများကျ၍အပင်များသေကြပါသည်။ရိတ်သိမ်းချိန်တွင်လယ်မြေမခမ်းသောကြောင့်ကောက်လှိုင်းစည်းရာတွင်လည်းမတွင်ကျယ်၊ကောက်လှိုင်းတိုက်ရာတွင်လည်းနွံများကိုနွားလှည်းမရုန်းနိုင်သဖြင့်မတွင်ကျယ်ပ။ မြေဖြူ မြေအမျိုးအစားသည်မြေဆီများများကြွေးပေးရပါသည်။သီးနှံအထွက်နှုံးနဲပါသည်။

ရွာတွင်လယ်မြေကေ၈၄၊ကေရှိပြီးမြေဆီလွှာအရည်အသွေးမှာမကောင်းပါ။ချောင်းရေမှရေတင်စက်ဖြင့်ရေတင်စိုက်ပျိုးသောလယ်နှင့်မိုးရေခံလယ်များလည်းရှိပါသည်။လယ်မြေများ၏ မြေဆီလွှာ အရည်အ သွေးများသည်စိမ့်မြေ၊ရွှံ့စေးမြေဆန်သောမြေနှင့်နှုံးမြေ၊ချပ်မြေခေါ် မြေဖြူအမျိုးအစားကိုတွေ့ ရှိရပြီးမြေဖြူအမျိုးအစားသည်စိုက်ပျိုး၍မကောင်းသည့်အပြင်ထွက်နှုံးလည်းမကောင်းသောအခက်

အခဲနှင့်ကြုံတွေနေရပါသည်။မာကာတောကျေးရွာ၏အဓိကသီးနှံမှာစပါးဖြစ်ပြီးမြေပဲကိုလည်းအနည်းငယ်စိုက်ပျိုးကြပါသည်။ရွာတွင်လက်တွန်းထွန်စက် ၁ ဦးချင်းပိုင် ၁ စက်၊ခြွေလှေ့စက် ၁ စက်၊ရေစုပ်စက် ၁၇ ခုမြက်ရိတ်စက်ဖြဦးပိုင်ရှိသည်ဟုလေ့လာတွေ့ရှိရပါသည်။ကျွဲ၊နွားများကိုစိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက်သာမွေးမြူကြပါသည်။ရွာတွင်နွား ၅ကောင်၊ ကျွဲ ၁၄ ကောင်၊ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။သောက်ရေများအဖြစ့်ရေတွင်း(၅)တွင်းကိုသာ အဓိကထားအသုံးပြုကြပါသည်။နွေရာသီတွင်သောက်သုံးရေတွင်းများခမ်းသော်လည်ရွာရှိအိမ်ခြေနှင့်ဖူလုံ၊လုံလောက်မှုရှိပါသည်။ရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာစပါးဖြစ်ပြီးပဲသီးနှံကိုတစ်ပိုင်တစ်နိုင်စိုက်

ပျိုးကြပါသည်။စပါးစိုက်ရာသီတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်စပါး၊ပဲအထွက်နှုန်းများလျော့ကျပါသည်။ကောက်ပင်စိုက်ပျိုးချိန်တွင်စပါးပင် တွင်မီးလောင်ပိုးကြသောအခြေအနေနှင့်စပါးအနံ့ ထွက်ခါနီးအချိန်တွင်ရွက်ခြောက်ပိုးကြခြင်းစသည့်အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့ရပါသည်။ရွာရှိ တောင်သူများသည်စိုက်ပျိုးရေးနည်းပညာအသိပညာနည်းလှပါသည်။လယ်မြေအနေအထားအရစိုက်ပျိုးရေးနည်းပညာများလိုအပ်လျှက်ရှိပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှလယ်မြေပြုပြင်သောနည်းပညာနှင့်ဖျက်ပိုးကျရောက်မှုအန္တရာယ်မှကာကွယ်နည်းပညာများဟောပြောပေးစေလိုပါသည်။ဤရွာ၏လယ်ရာလုပ်ငန်းလုပ်ကိုင်ရာတွင်ကိုယ်ပိုင်ကျွဲ၊နွားများကိုအသုံးပြုကြပါသည်။ရွာတွင်လက်တွန်း ထွန်စက်(၁)စီးရှိပြီးအခြားစက်ရှိသူများထံမှအခကြေးငွေနှင့်ငှါးရမ်းကြပါသည်။လက်တွန်းထွန်စက်နှင့်ရိတ်သိမ်းခြွေလှေ့စက်များကိုလူအနည်းစုသာငှါးရန်း အသုံးပြုနိုင်ကြပါသည်။အရစ်ကျစနစ်ရှိသော်လည်းလူအချို့သာဝယ်ယူနိုင်ကြပါသည်။ခြွေလှေ့စက်(၁)စီး၊ရေစုပ်စက်(၁၇)လုံးမြက်ရိတ်စက်(၆)လုံးရှိပါသည်။ကျွဲနွားများကိုသာအဓိကအားထားအသုံး ပြုကြပါသည်။သင့်တင့်မျှတသောရာသီဥတုဖြစ် ပါသည်။လယ်ယာမြေအသုံးချနိုင်မှုနှင့်စိုက်ပျိုးရေအရင်းအမြစ်မှာအသင့်အတင့်ရှိပါသည်။ချေးငွေ နှင့်ငွေကြေးဝန်ဆောင်မှုတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ပေးသောဝန်ဆောင်မှုသာရှိပါ သည်။ သဘာဝနွားချေးမြေဆွေးနှင့်အော်ဂင်းနစ်မြေ ဩဇာများလည်းအနည်းငယ်ရရှိနိုင်ပါသည်။ပိုးသတ်ဆေးများကိုလည်းဝယ်ယူနိုင်ပါသည်။သိုသော်ပိုးဆေးအသုံးပြုသောနည်းပညာမတတ်ကျွမ်းပါ။ မွေးမြူရေးပြုလုပ်ရန်အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှုမရှိပါ။အိမ်ခြံဝင်းကပ်သောကြောင့်မွေး မြူရေးလုပ်ငန်းလုပ်ကိုင်ရန်အခွင့်အလမ်းမရှိပါ။ယခုအခါလူဦးရေတိုးလာသဖြင့်အိမ်ခြေတိုးချဲ့ရန်ဆန္ဒရှိသော်လည်းမြေနေရာလွတ်မရှိပါ။မြေနေရာမလုံလောက်သောအခြေအနေဖြစ်နေပါသည်။ဦးပိုင်ရှိသောကုန်းခင်းကိုဝယ်ယူပြီးအိမ်ဝင်းအကွက်ချရယူရန်စိတ်ကူးထားပါသည်။မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့လုပ်ကိုင်လိုသူများရှိပါသည်။လမ်းပန်းဆက်သွယ်ရေး၊ငွေကြေးဝန်ဆောင်မှုနှင့်နွေရာသီအထိရေသိုလှောင်ထားနိုင်သောတာတံမံများရှိပါကစီးပွားရေးအဆင်ပြေသာရွာတစ်ရွာဖြစ်လာနိုင်ပါသည်။နှစ်စဉ်မိုးဦးနောက်ကျခြင်း၊မိုးလယ်ခေါင်ခြင်း၊ တဖက်ပိတ်ဆည်မရှိသဖြင့်စိုက်ပျိုးရေမလုံလောက်ခြင်းစသောအခက်အခဲများကြုံတွေ့ရပါသည်။သီး နှံမျိုးစေ့များရရှိနိုင်သော်လည်းလက်လှမ်းမမှီခြင်း၊ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့်မိမိတို့စိုက်ပျိုး ရရှိလာသောစပါးများကိုသာမျိုးစပါးအဖြစ်စိုက်ပျိုးကြသောကြောင့်အထွက်နှုန်းလျော့ကျခြင်း၊ဈေးကောင်းမရခြင်းများကြုံတွေ့နေရပါသည်။ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်ဓါတုပိုးသတ်ဆေးသုံးစွဲရန်အသိပညာအားနည်းခြင်းများကြုံတွေ့ ရပါသည်။ကျွန်တော်တို့ရွာတွင် မွေးမြူရေးလုပ်ငန်းများကို တပိုင်တနိုင်သာမွေးမြူကြပါသည်။ကျွဲ ၊ နွား၊ များကိုလယ်ယာလုပ်ငန်းများတွင်ခိုင်းစေရန်အတွက်သာမွေးကြပါသည်။မွေးမြူရေးလုပ်ငန်းအဖြစ်ကြက်၊ဝက်၊များကိုလည်းတပိုင်တနိုင်မွေးမြူကြပါသည်။ကျယ်ကျယ်ပြန့်ပြန့်စီးပွားဖြစ်မွေးမြူရန်နေရာမရှိသောကြောင့်စီးပွါးဖြစ်မလုပ်ကိုင်ခြင်းဖြစ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ။မာလကာတော ရွာတွင်လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။လယ်ယာနှင့်သားငါးထွက်ကုန်မဟုတ်သောအခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်မရှိပါ။ချေးငွေများမှာအစိုးရစိုက်ဘဏ်ချေးငွေတစ်မျိုးတည်းသာရှိပြီးပြင်ပအဖွဲ့အစည်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှချေးငွေများမရရှိ သောကြောင့်အရင်အနီးချေးငွေများလိုအပ်နေကြေင်းလေ့လာတွေ့ရှိရပါသည်။အသေးစားအလတ်စား စီပွါးရေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိပါ။ကျေးရွာတွင်အခြားစီးပွါးရေးလုပ်ငန်းရှင်များမရှိ၍ အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။မာလကာတောတျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းပြုသူအခြားဝင်ငွေရအလုပ်အကိုင်လက်သမားလုပ်ငန်းလုပ်ကိုင်သူများတွင်ဆံပင်ညှပ်လုပ်ငန်းဖြင့်လုပ်ကိုင်သူ၊နှင့်နေ့စားကျပန်းများလုပ်ကိုင်၍အသက်မွေးဝမ်းကြောင်းပြုနေသူ၊အိမ်သုံးလျပ်စစ်ပစ္စည်းများပြုပြင်၍အခြားဂင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(၁)ဦးစသည်တို့ကိုတွေ့ရှိရပါသည်။စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဂမ်းကျောင်းအခွင့်အလမ်းလုံးဂမရှိပါ။ကျွန်တော်တို့ရွာရှိရွာသားများ၏ကျောင်းပညာရေးသည်ယခင်က(၄)တန်းအထိသာနေကြပြီးအများစုသည်(၄)တန်းအောင်ပြီးလျှင်ကျောင်းပညာကိုဆက်တတ်အိမ်၏မိရိုးဖလာစီးပွါးရေးလုပ်ငန်းဖြစ်သည့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင်သာကူညီလုပ်ကိုင်ရင်းကုန်ဆုံးရပါသည်။ယခုအခါရွာနှင့်သင်တောကျေးရွာတွင်အလယ်တန်းကြောင်းခွဲသည်၈တန်းအထိပညာသင်ကြားနိုင်ပြီဖြစ်ပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ ကျေးရွာတွင် မိုးရာသီ၌ကောက်စိုက်ချိန် နှင့်စပါးရိတ်ချိန်များတွင်အလုပ်အကိုင်ရှိပြီးပဲမျိုးများကိုအချို့မှစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ငွေလိုလျှင်စပါး၊ပဲများကိုရောင်းချသုံးစွဲကြသောကြောင့်အိမ်ထောင်စုများသည် နောက်ပိုင်းတွင် ဝမ်းစာမရှိသောအချိန်များတွင်စပါးတိုးငွေတိုးများကိုအတိုးဖြင့်ချေးယူစားသုံးကြပါသည်။ဤရွာတွင်မိရိုးဖလာ လယ်ယာလုပ်ငန်းအပြင်အခြားအလုပ်အကိုင်အခွင့်အလမ်း မရှိသော်လည်း စားဝတ်နေရေး အသင့်အတင့်ဖူလုံမှုကြောင့်ရွှေ့ပြောင်း သွားလာသောအိမ်ထောင်စု(၃)အိမ်သာရှိပြီးပြည်တွင်း၌သာသွားလာလုပ်ကိုင်ကြပါသည်။ပြည်ပသို့သွားရောက်လုပ်ကိုင်သူမရှိပါ။

**(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။** ။အနီးဆုံးဈေးမှာရွာနှင့်(၅)မိုင်အကွာတွင်ဂန်းသိုဈေးရှိပါသည်။ရွာနှင့်(၄)မိုင်ခန့်အကွာရှိကောလင်းဈေးသိုသွားလာဂယ်ယူရောင်းချကြသူကများပါသည်။ကောလင်းဈေးတွင်ရောင်းအားကောင်းသောကြောင့်ဖြစ်ပါသည်။သယ်ယူပို့ဆောင်ရေးနည်းမှာ ၊ဆိုင်ကယ်၊သုံးဘီးတို့နှင့်သွားလာကြပါသည်။ဈေးတွင်ကုန်စိမ်း၊ကုန်ခြောက်နှင့်မီးဖိုချောင်သုံးပစ္စည်းများအိမ်သုံးပစ္စည်းများ၊အဂတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများရရှိနိုင်ပါသည်။ဈေးအခြေခံအဆောက်အဦးမှာ ုတ်သပ်မိုးတို့ဖြင့်တည်ဆောက်ထားပြီးအဆောက်အဦးကောင်းမွန်ပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ကျွန်တော်တို့ရွာရှိတောင်သူလယ်သမားများသည်မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်။၃လမှ၆လအတွင်းကာလတိုချေးငွေဖြစ်၍တောင်သူများ၏အခက်အခဲကြောင့်အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။မြန်မာ့စိုက်ပျိုးရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။လယ်ဂရန်များကိုအပေါင်ခံပစ္စည်းအဖြစ်တင်ပြနိုင်မှသာချေးယူခွင့် ရ ရှိသည်။ရရှိလာသောစပါးများသည်မျိုးကောင်းမျိုးသန့်မဟုတ်သဖြင့်အရည်အသွေးမမှီခြင်း၊ဈေးကောင်းမရခြင်း၊ရောင်းရငွေပမာဏနည်းခြင်းတို့ကြုံတွေ့ရပါသည်။

မာလကာတောကျေးရွာသည်ဝင်းကြီးအုပ်စုတွင်တည်ရှိသည်။ဝင်းကြီးအုပ်စုတွင်ဝင်းကြီးကျေးရွာ၊ကံကုန်းကျေးရွာ၊မင်းကုန်းကျေးရွာ၊မာလကာတောကျေးရွာ၊သင်တောကျေးရွာဟူ၍(၅)ရွာပါရှိပြီးစိုက်ပျိုးရေးဘဏ်မှချေးငွေများကိုတအုပ်စုလုံး(၅ရွာလုံး)ကြေပြီးမှချေးငွေများကိုထုတ်ပချေးခွင့်ရပါသည်။အလုပ်အကိုင်ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း(၅%)ရှိပါသည်။ဝမ်းစာရေးအတွက်ချေးငွေများကိုကာလတို/ကာလရှည်ယူကြပါသည်။အဓိကပြဿနာမှာအတိုးနှုန်းများသောကြောင့်နေ့စား၊ကျပန်းလုပ်ကိုင်ရသူများအလွန်ပင်အခက်အခဲ ဖြစ်နေရ ပါသည်။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျွန်တော်တို့ရွာသည်သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကြောင့်မြေဆီဩဇာနှင့်အပင်မျိုးစိတ်များ၊ဖျက်ပိုး၊ဖျက်ပိုးအန္တရာယ်များအတွက်အခက်အခဲရှိပါသည်။လယ်မြေအမျိုးအစားများတွင်သဲမြေ၊ချပ်မြေ၊ရွှံ့စေးဆန်သောမြေနှင့်မြေကောင်းတောဟူ၍၄မျိုးတွေ့ရှိရပါသည်။သဲမြေသည်ရေသွင်းလျှင်ရေကျန်မနေသဖြင့်စိုက်ပျိုးရခက်သောကြောင့်တုတ်ထိုး၍စိုက်ရပါသည်၊လယ်ရေခဏခဏသွင်းပေးရပါသည်။အထွက်နှုံးနည်းပါသည်။ချပ်မြေခေါ် မြေဖြူအမျိုးအစားမှာစိုက်ပျိုး၍မကောင်းပါ။မြေကြပ်ပြီးစပါးပင်သေသောအခြေအနေမျိုးကြုံတွေ့ရပါသည်။ရွှံ့စေးဆန်သောမြေသည်စိုက်ပျိုးချိန်ရောက်လျှင်လယ်မြေများပတ်ကြားအက်နေပြီးပတ်ကြားအက်နေသောလယ်မြေများသည်မိုးရေစိမ့်ဝင်မှုမလုံလောက်သေးသဖြင့်စိုက်ပျိုးချိန်နောက်ကြခြင်း၊စပါးမှည့်ချိန်တွင်လယ်မြေများသည်စိမ့်ပေါက်၍ရေမခမ်းနိုင်သောအခြေအနေနှင့်ကြုံတွေ့ရခြင်း၊ဖျက်ပိုနှင့်ရောဂါကျရောက်မှုမှာကောက်ပင်များအနီရောင်အကွက်များပေါ်ပြီးမီးလောင်ပိုးများကျခြင်း၊အနံ့ထွက်ချိန်တွင်ရွက်ခြောက်ပိုးကျခြင်းစသည်တို့ကိုကြုံတွေ့ရပါသည်။ဓါတ်မြေဩဇာသုံးစွဲမှုရှိသော်လည်းနည်းပညာမသိသောကြောင့်စနစ်တကျသုံးစွဲမှုမရှိသဖြင့် အန္တရာယ်ရှိသောအခြေအနေရှိပါသည်။စိုက်ပျိုးရေးနည်းပညာများအလှမ်းဝေးလှပါသည်။သဘာဝရေအရင်းအမြစ်အနေဖြင့်စိုက်ပျိုးရေကိုသရက်ကန်ချောင်းမှရေတင်စက်ဖြင့်တင်ပြီးစိုက်ပျိုးကြပါသည်။သို့သော်မိုးများမှသာရေအလုံအလောက်ရပါသည်။ချောင်နှင့်ဝေးသောမိုးရေခံလယ်များလည်းရှိပါသည်။မိုးများမှသာစိုက်ပျိုးနိုင်ပါသည်။ငါးမျိုးကွဲများကျင်စက်ဖြင့်ဖမ်းယူသူများရှိသဖြင့်အခက်အခဲနေပါသည်။စွန့်ပစ်ပစ္စည်းအမှိုက်များကိုပစ်ရန်နေရာသတ်မှတ်ထားခြင်းမရှိသောကြောင့်အခက်အခဲရှိပါ

သည်။သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိ၍အသုံးမပြုနိုင်ပါ။ ချောင်းရှိသဖြင့်ကျောက်၊သဲ၊ သဲကျောက်များရရှိနိုင်သည်။သဘာဝအပင်မျိုးစိတ်များ၊နွားစာ၊ဆေးဘက်ဝင်အပင်များအသင့်အတင့် ရှိပြီးအသုံးချနိုင်မှုမရှိပါ။ဆေးဘက်ဝင်အပင်များတွင်သက်ရင်းကြီး၊ဝံအူပင်၊ဖန်းခါးပင်၊ဂုံခါး၊ဇီးဖြူ သီးစသောအပင်များကိုတွေ့ရှိရပါသည်။သဘာဝတိရိစ္ဆာန်မျိုးစိတ်များတွင်ယုန်၊ခါ၊ငုံး၊တောကြက်၊ မျောက်၊မျောက်လွဲကျော်၊ခွေးတူဝက်တူ၊ဖွတ်၊ပတပ် ၊ကုန်းလိပ်၊သင်းခွေချပ်၊တောဝက်၊မယ်ကောင်၊ စပါးအုံးမြွေ၊မြွေဟောက်ငန်းမြွေဂျိုးငှက်အောက်ချင်းငှက်၊ရစ်ငှက်၊စသည်တို့ကိုတွေ့ရှိရပါသည်။

**(ဓ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** မာလကာတောရွာတွင် စာသင်ကျောင်းမရှိပါ။ရွာနှင့်(၁)မိုင်အကွာရှိသင်တောစာသင်ကျောင်းသို့သွားရောက်ပညာသင်ယူကြပ ါသည်။စာသင်ကျောင်းသည်ရွာမှခြေလျှင်သွားပါကနာရီဝက်ခန့်ရှိသဖြင့်ကျောင်းသား/သူများ စက်ဘီးနှင့်ကျောင်းတက်ကြ ပါသည်။ မာလကာတောကျေးရွာရှိရွာသူရွာသားများသည် ရွာနှင့်၁မိုင် ဝေးသောသင်တောကျေးလက်ကျန်းမာရေးဌာနခွဲဆရာမကမိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှော က် မှုကိုတာဝန်ယူပေးပါသည်။ရွာတွင်ကျန်းမာရေးဆရာမမှရောဂါများအတွက်ကာကွယ်ဆေးထိုးနှံမှု အပြည့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ရွာတွင်အရံသာဖွား(၁)ဦးနှင့်ဆေးမှူး(၁)ဦးရှိ၍တစ်ခါတရံ တွင်ကာကွယ်ဆေးများကိုခွဲတန်းပေးကာရွာတွင်ထိုးရသောအခါလည်းရှိပါသည်။ရွာသူ/ရွာသား များ ကျန်းမာရေး၊ဖျားနာလျှင်အရံသာဖွာနှင့်ဆေးမှူးတို့သည်ရွာအတွက်အလွန်အားထားရပသည်။တစ်ခါ တရံကျေးလက်ကျန်းမာရေးဌာနသို့ရွာမှ၁မိုင်ခန့်ဝေးသောနေရာသို့သွားရောက်ကုသမှုခံယူကြပါ သည်။ဝန်းသိုမြို့နယ်ဆေးရုံသို့၅မိုင်ခန့်ဝေးပြီး၊ရွာနှင်၄မိုင်အကွာရှိကောလင်းမြို့နယ်ဆေးရုံ သို့လည်း သွားရောက်ကုသကြပါသည်။ရွာနှင့်အနီးအနားတွင်ဆေးဆိုင်မရှိပါ။

မာလကာတောရွာသူ/သားများအားလုံးသည်ယင်လုံအိမ်သာများကိုသာအသုံးပြုနေကြပါသည်။ မာလကာတောကျေးရွာတွင်ရေတွင်း(၅)တွင်းရှိပြီးမိုးရာသီ၊ဆောင်းရာသီများသာရေပေါ်များပြီး နွေ ရာသီတွင်ရေတွင်းအားလုံးရေအနည်းငယ်ခန်းသော်လည်းရွာရှိအိမ်ခြေနှင့်သောက်သုံးရေဖူလုံမှုရှိပါ သည်။ ရွာအနီးတွင် ချောင်း၊ရှိ၍ စိုက်ပျိုးရေး၊ ကျွဲ၊နွားသုံးရေအဖြစ်အသုံးပြုကြပါသည်။ ကျွဲ၊ နွား၊ ဝက်များမွေးမြူရနအိမ်ဝင်းအတွင်ခြေနေရာလုံလောက်မှုမရှိပါ။အိမ်များကပ်နေသောကြောင့်ဖြစ်ပါ သည်။အိမ်သာမရှိသည့် မိသားစုများလည်း အိမ်နားနီးချင်းအိမ်သာများတွင် အသုံးပြုကြပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)။** ။ ကျွန်တော်တို့မာလကာကျေးရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာသောလမ်းများသည်မြေသားလမ်းများဖြစ်၍မိုးရာသီဥ္စရွာထဲလမ်းများနှင့်အဓိက လမ်းမကြီး သည်လူများ၊ဆိုင်ကယ်များသွားလာရာတွင်အလွန်ခက်ခဲလျှက်ရှိပါသည်။ရွာ၏ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိရေကျော်များသည်မိုးများလျှင်ရေအလွန်များသောကြောင့်အရေးပေါ်သွားလာ သူများအလွန်အမင်းဒုက္ခရောက်လျှက်ရှိပါသည်။ရွာအထွက်ရှိတံတားသည်ပျက်စီးယိုယွင်းနေပါသည်

။ပွင့်လင်းရာသီရောက်လျှင်လည်းမိုးများထားသောကြောင့်ရေတိုက်စားခြင်း၊ချိုင့်ခွက်များရှိပြီး တစ်ရွာမှတစ်ရွာသွားလာရာတွင်အခက်များကြုံတွေ့ရပါသည်။လက်ရှိတံတားသည် ရွာသားများဝိုင်းဝန်းဆောက်လုပ်ထားပြီးတံတားသည်ဟောင်းနွမ်းဆွေးမြေ့နေခြင်းယိုင်နဲ့နေသောကြောင့်ပြုပြင်ရန်လိုအပ်နေပါသည်။ခိုင်ခံ့မှုမရှိသောသစ်သားတံတားဖြစ်ဖြင့်မိုးရာသီတွင်ကျောင်းသားများကျောင်းသားများနှင့်တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသူများနှင့် ဆိုင်ကယ်မောင်းနှင်သူများသည် ရေကြီးခြင်း၊တံတားတွင်အကာအရံမရှိခြင်းကြောင့်သွားလာရာတွင်အန္တရာယ်အလွန်များပါသည်။

ကျွန်တော်တို့ရွာ၏သယ်ယူပို့ဆောင်ရေးစနစ်မှာဆိုင်ကယ်နှင့်နွားလှည်းများကိုသာအများဆုံး အသုံးပြုပါသည်။မာလကာတောကျေးရွာတွင်ကားတစ်စီးသာရှိ၍ပွင့်လင်းရာသီမှသာအသုံးပြုနိုင်ပြီးမိုးရာသီ၌လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့်နွားလှည်းနှင့်ဆိုင်ကယ်များကိုသာအများဆုံးအသုံး ပြုရပါသည်။

ကျွန်တော်တို့ရွာ၏လျှပ်စစ်မီးရရှိမှုအခြေအနေမှာလျှပ်စစ်မီးအသုံးပြုသောအိမ်၂၀၊ဆိုလာမီးအသုံပြုသောအိမ်၁၀အိမ်ပါသည်။မီးမရှိသည့်အိမ်များလည်းရှိပါသည်။ဖယောင်းတိုင်မီးနှင့်ရေနံဆီမီးအိမ်များကိုသာအသုံးပြုကြသည်။ကျွန်တော်တို့ရွာရှိကျောင်းသူ၊ကျောင်းသားများသည်သင်တောကျေးရွာအလယ်တန်းခွဲကျောင်းသို့သွားရောက်ပညာသင်ကြားသဖြင့်မူလတန်းမှ (၈)တန်းထိပညာကိုသင်ကြားနိုင်သော်လည်းမြို့ရွာရှိကျောင်းများသို့ဆက်လက်ပညာသင်ယူသူနဲလှပါသည့်ကျွန်တော်တို့ရွာ၏ကျောင်းသားလေးများသည်ရည်မှန်းချက်၊မျှော်လင့်ချက်များမှာမှေးမှိန်လွန်းလှပါသည်။ကျွန်တော်တို့မာလကာတောရွာတွင်ဆက်သွယ်ရေးစနစ်သည်ဖုန်း(၄၈)လုံးရှိပြီး MPT နှင့် TELENOR ဖုန်းလိုင်းများအသုံးပြုကြပါသည်။ရေဒီယို(၁)လုံး၊တီဗွီ(၁၃)လုံးနှင့်PSIစလောင်း(၈) ခုပိုင်ဆိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(ည) လူငယ် နှင့် ယဉ်ကျေးမှု။** ။ကျွန်တော်တို့မာလကာတောကျေးရွာတွင်

လူငယ်မောင်မယ်

များသည်ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုမွေအနှစ်များထိမ်းသိမ်းစောင့်ရှောက်ရာတွင်ပါဝင်မှုမှာအသင့်အတင့်ရှိပါသည်။ဘာသာရေးပွဲတော်များတွင်အသင့်အတင့်ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင်လူငယ်၊လူရွယ်များတက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ကျွန်တော်တို့ရွာတွင်လူငယ်အားကစားကွင်းမရှိပါ၊လူငယ်များအနားယူအပန်းဖြေစရန်၊ဗဟုသုတရှာ ဖွေရန်စာကြည့်တိုက်များမရှိပါ၊ထိုအရာများအားလုံးမရှိခြင်းကြောင့်အသိပညာ၊ဗဟုသုတ၊စဉ်စားချင့် ချိန်နိုင်စွမ်းလျော့နည်းလာပြီးမူးယစ်ဆေးဝါးများကိုသုံးစွဲလာကြပြီးရွာသည်မဖွံ့ဖြိုးတော့ပဲဆင်းရဲလာကြပါသည်။လူငယ်များသည်သမရိုးကျလယ်ယာများကိုမိဘနှင့်အတူစိုက်ပျိုးကြပြီးစားဝတ်နေ ရေးအတွက် စီးပွားရှာကြပါသည်။ရွာတွင်လက်မှုပညာတတ်မြောက်သူနှင့်အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့်လူငယ်များပျက်စီးနေသောကြောင့်အတတ်ပညာသင်တန်းပို့ချမှုနှင့်အခြားဝန်ဆောင်မှုများရရှိ

လျှင်အလွန်ပင်အဖိုးတန်သောလူငယ်များအမြောက်အများထွက်ရှိလာမည်ဖြစ်သည်။

**(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။**။မာလကာတောကျေးရွာ၏လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် ခိုးမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲမှု၊တို့သည်သာမာန်အဆင့်သာတွေ့ရှိရပါသည်။လူကုန်ကူးမှုနှင့်အကြမ်းဖက် လုယက်မှုများမရှိပါ ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက်လယ်ယာမြေများရှိပြီးမြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ရေအရင်းအမြစ်ရရှိနိုင်သောသရက်ကန်ချောင်းရှိပါသည်။မြေလွတ်မြေရိုင်းများ ရှိသဖြင့်အိမ်ခြေစိပ်ပြီးကျပ်ညပ်နေသောသူများအိမ်ထောင်ခွဲများ၊အိမ်ဆင်းမည်ဖြစ်၍အိမ်ဆောက်ရန် ဆန္ဒရှိကြပါသည်။မွေးမြူရေးတွင်လည်းနွား၊ကြက်၊ဝက်များကိုမွေးမြူနိုင်ပါသည်။သစ်တောထွက် ပစ္စည်းများ၊သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ကျောက်၊သဲများအနည်းငယ်ရရှိနိုင်ပါသည်။

**(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊**

ကျေးရွာတွင်တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်းနည်းပညာ၊ဗဟုသုတတတ်မြောက်မှုအားနည်းကြပါသည်။မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန်ချေးငွေမရှိပါ။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့်စိုက်ပျိုးရာသီ ပြီးချိန်တွင်အခြားဒေသများသို့သွားရောက်၍ဝင်ငွေရှာဖွေကြရပါသည်။စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန်အခွင့်အလမ်းရှိသော်လည်းနည်းပညာ၊ဗဟုသုတ၊ချေးငွေ၊ဈေးကွက်နှင့်လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့်ထွက်ကုန်များအချိန်မှီဈေးကွက်သို့မတင်ပို့နိုင်ကြခြင်းသည်လည်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားများဖြစ်နေပါသည်။ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြားလာခြင်းကြောင့်စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍

ဈေးရောင်းရသူများပေါ်များလာခြင်းသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတား များ ဖြစ်နေပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည့် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများ၊မြေဆီလွှာနှင့်မြေဩဇာအသုံး ပြုနည်းများစသောစိုက်ပျိုးရေးနည်းပညာများကိုချိတ်ဆက်ရယူသွားရမည်။အာမခံချက်ရှိသော သီးနှံ ထုတ်ကုန်ဈေးနှုန်းများရရှိရန်မြို့နယ်သီးနှံကုန်သည်များ၊လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်

သွားရမည်။မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက်အခြေခံမွေးမြူရေးနည်းပညာနှင့်ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန်လုပ်ဆောင်သွားရန်ဖြစ်ပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အသေးစားအလတ်စားစီးပွားရေးလုပ်ငန်း များအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ် သွားရမည်။

(၂) ကျေးရွာ၏ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများဖြည့်ဆည်းခြင်း၊ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ဆရာဆရာမများပြည့်စုံအောင်ဆောင်ရွက်ခြင်း၊ပြုလုပ်သွားမည်။တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများချိတ်ဆက်ခြင်း၊ ထို့အပြင်လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန်စာဖတ်အလေ့အကျင့်ဖြစ်လာစေရန်စာကြည့်တိုက်အသင်းများဖွဲ့စည်း ခြင်း၊စာအုပ်စာပေများလက်လှမ်းမှီရန်ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊စာပေဟောပြောပွဲ၊ဆွေး
နွေးပွဲများဖန်တီးပေးခြင်း၊လူငယ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊စာဖတ်ရန်အလေ့အကျင့်ထွန်းကားရန်အသိနှိုးဆော်ခြင်း၊လူငယ်များအားအားကစား လှုပ်ရှားမှုများလက်လှမ်း မီရန်ဖန်တီးပေးရန်တို့ဖြစ်ပါသည်။ပညာရေး၊ကျန်းမာရေးနှင့်ကူးသန်းသွား လာရေးအတွက်ကျေးရွာတွင်းလမ်း၊ချဉ်းကပ်လမ်းနှင့်ရွာချင်းဆက်လမ်းများကိုအဆင့်မြှင့်တင်ခြင်း၊တံတားများတည်ဆောက်ခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

## (၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်

မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ အခြေခံ အဆောက်အဦ | ၁။ ကျေးရွာခြင်းဆက်လမ်း ဖောက်လုပ်ခြင်း | ၈၆ | ၁ | | |
| | ၂။ တံတားဆောက် လုပ်ခြင်း | ၇၆ | ၂ | | |
| | ၃။ကွန်ဂရစ်တံတားနှင့်ချဉ်းကပ်လမ်းခင်းခြင်း | ၆၈ | ၃ | | |
| ၂။ စိုက်ပျိုးရေး | ၄။မြေထိန်းနံရံ ပြုလုပ်ခြင်း | ၆၅ | ၄ | | |
| | ၅။တဖက်ပိတ်ဆည်ကျောက်စီနံရံတည်ဆောက်ခြင်း | ၆၃ | ၅ | | |
| ၃။ စိုက်ပျိုးရေး | ၆။ ဘက်စုံစိုက်ပျိုးရေးနည်းပညာသင်တန်း ရက်တိုသင်များပေးခြင်း | ၆၀ | ၆ | | |
| | ၆။ မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲ နိုင်ရန် ဆောင်ရွက်ခြင်း | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| လျှပ်စစ် | ၂၀။ အိမ်တိုင်း မီးရရှိရန် ဆောင်ရွက်ခြင်း | ၇၇ | ၁ | | |

### (ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ကျေးရွာခြင်းဆက်လမ်းကိုမြေသားလမ်းမှ ကျောက် ခင်းလမ်းပြုပြင်ခြင်း | ၁ | | ✓ | ✓ | | |
| ၂ | • ကွန်ဂရစ်တံတားတည်ဆောက်ခြင်း<br>• ကွန်ဂရစ်တံတားနှင့်ချဉ်းကပ်လမ်းခင်းခြင်း | ၂<br>၃ | | ✓ | ✓<br>✓ | | |
| ၃ | စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း<br>• တစ်ဖက်ပိတ်ဆည်တည်ဆောက်ခြင်း ရေထိန်းနံရံ၊မြေထိန်နံရံရေကာတာတည်ဆောက်ခြင်း | ၄<br>၅ | ✓ | | | | |
| ၄ | သီးနှံအထွက်တိုးရန် ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပညာရက်တိုသင်တန်း များပေးခြင်း<br>• မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲ နိုင်ရန် ဆောင်ရွက်ခြင်း | ၆ | | | | ✓ | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**စီမံချက် ဘတ်ဂျက်**

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">စီမံချက်</th><th rowspan="3">ရန်ပုံငွေ (သိန်း)</th><th colspan="4">ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)</th></tr>
<tr><th rowspan="2">သာမန် အသုံး စရိတ်</th><th colspan="2">ငွေလုံးငွေရင်းအသုံး စရိတ်</th><th rowspan="2">လူသား ချင်းစာနာမှု အထောက် အပံ့</th></tr>
<tr><th>ငွေလုံး ငွေရင်း</th><th>စွမ်းဆောင် ရည် မြှင့်တင်ရေး</th></tr>
<tr><td>၁</td><td>လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ကျေးရွာခြင်းဆက်လမ်းကို မြေသား လမ်းမှ ကျောက်ခင်းလမ်းပြုပြင်ခြင်း</td><td></td><td></td><td>✓</td><td></td><td></td></tr>
<tr><td>၂</td><td>• ကွန်ဂရစ်တံတား တည်ဆောက် ခြင်း<br>• ကွန်ဂရစ်တံတားနှင့် ချဉ်းကပ်လမ်းခင်း ခြင်း</td><td></td><td></td><td>✓<br>✓</td><td></td><td></td></tr>
<tr><td>၃</td><td>စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း<br>• ရေထိန်းနံရံ၊မြေထိန်းနံရံ<br>• ရေကာတာတည်ဆောက်ခြင်း<br>• တစ်ဖက်ပိတ်ဆည်တည်ဆောက်ခြင်း</td><td></td><td></td><td>✓<br>✓<br>✓</td><td></td><td></td></tr>
<tr><td>၄</td><td>သီးနှံအထွက်တိုးရန် ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပ</td><td></td><td></td><td></td><td>✓</td><td></td></tr>
</table>

| | | | | | | |
|---|---|---|---|---|---|---|
| | ညာရက်တိုသင်တန်း<br>များပေးခြင်း<br>• မျိုးကောင်းမျိုးသန့် များ<br>ဝယ်ယူသုံးစွဲ နိုင်ရန်<br>ဆောင်ရွက်ခြင်း | | | | ✓ | |
| ၅ | သီးနှံအထွက်တိုးရန်<br>ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပ<br>ညာရက်တိုသင်တန်း<br>များပေးခြင်း<br>• မျိုးကောင်းမျိုးသန့်<br>များဝယ်ယူသုံးစွဲနိုင်<br>ရန်ဆောင်ရွက်ခြင်း<br>• ပုဂ္ဂလိကစိုက်ပျိုးရေး<br>သင်တန်းများတက်<br>ရောက်ပြီးပြန်လည်<br>သင်တန်း ပို့ချခြင်း | | | | ✓<br>✓<br>✓ | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ

ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များတည် ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့် သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်

ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(င) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်း | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | • ရွာတွင်း၊ရွာပြင်နှင့် ရွာချင်းဆက်လမ်းများ သွားလာရာတွင် အန္တရာယ်ရှိခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• မိုးရာသီတွင် ဗွက်ထခြင်း<br>• ရေတိုက်စားခြင်း<br>• ချိုင့်ခွက်များကြောင့် သွားလာရခက်ခဲခြင်း<br>• လမ်းမအလယ်တွင်မြောင်းများဖြစ်ပေါ်နေခြင်း<br>• တံတားများအိုဟောင်းနေခြင်း | • သဲ၊ ကျောက် ရနိုင်ခြင်း<br>• သစ်များရနိုင်ခြင်း<br>• လုပ်အားများရရှိနိုင်ခြင်း<br>• ရေရှည်တည်တံ့ခိုင်မြဲအောင် စုပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း<br>• လမ်းဦးစီးဌာနရှိခြင်း | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• ဌာနများတွင် ဘတ်ဂျက် အကန့်အသတ်ရှိခြင်း | • ကျေးလက်လမ်းဦးစီးဌာန နှင့် ချိတ် ဆက်၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း<br>  • ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း<br>  • မြေသားလမ်းမှ ကျောက် ခင်းလမ်းသို့ အဆင့်ဆင့်ပြုပြင်ခြင်း<br>  • တံတားတည်ဆောက်ခြင်း | • လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း<br>  • မြေသားလမ်းမှ ကျောက်ခင်းလမ်း သို့ အဆင့်မြင့်တင်ခြင်း<br>  • တံတားတည်ဆောက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၂။ | • ကျောင်းသွားရာတွင် ကျောင်းသူ၊ကျောင်းသားများသွားလာရန် အခက်အခဲရှိခြင်း၊ အန္တရာယ်ရှိခြင်း၊ | • စာသင်ကျောင်းသို့သွားသောလမ်းများမကောင်းခြင်း၊ဗွက်ထခြင်း၊လမ်းချော်ခြင်း<br>• စာသင်ကျောင်းသို့သွားသောလမ်းတွင်တံတားပျက်စီးယိုယွင်းနေခြင်း၊ တံတားတိုင်များကျိုးနေခြင်း၊ကြမ်းပေါက်ကွဲခြင်း | • ကျောက်၊သဲများ ရရှိ နိုင်ခြင်း<br>• သစ်သားများရနိုင်ခြင်း<br>• လုပ်အားများထည့်ဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• အိမ်ခြေနည်းခြင်း<br>• ဌာနများတွင် ဘတ်ဂျက်အကန့်အသတ်ရှိခြင်း | • ကျေးရွာဆပ်ကော်မတီဖွဲ့စည်း၍လမ်းတံတားဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>• ကျေးရွာမှသဲ၊ကျောက်၊ လုပ်အားများပူးပေါင်းထည့်ဝင်ခြင်း | • အလျား(၉၈)ပေ<br>• အမြင့်(၈)ပေ<br>• အကျယ်(၇.၅)ပေ<br>• ကွန်ဂရစ်တံတားတည်ဆောက်ခြင်း |
| ၃။ | • ချောင်းကမ်းပါးရေတိုက်စားခြင်း၊ကမ်းပါးပြိုခြင်း | • ရေများတိုက်စား၍လယ်မြေများပါခြင်း၊<br>• ကမ်းပါးပြိုခြင်း | • ကျောက်၊သဲများ ရရှိ နိုင်ခြင်း<br>• သစ်သားများရနိုင်ခြင်း<br>• လုပ်အားများထည့်ဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• အိမ်ခြေနည်းခြင်း<br>• ဌာနများတွင် ဘတ်ဂျက်အကန့်အသတ်ရှိခြင်း | • ကျေးရွာဆပ်ကော်မတီဖွဲ့စည်း၍ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ချောင်းကမ်းပါးများတိုက်စားခြင်းမှကာကွယ်ရန်<br>• ရေထိန်းနံရံများ၊ရေကာတာများ ပြုလုပ်ခြင်း | • ရေထိန်းနံရံ၊ရေကာတာများပြုလုပ်ခြင်း<br>• |

| | | | | | | |
|---|---|---|---|---|---|---|
| ၄။ | • စိုက်ပျိုးရေ မလုံလောက်ခြင်း | • ဆည်မျှောပါသွားခြင်း<br>• တောင်ကျရေဖြစ်သဖြင့်တရှိန်ထိုးစီးကျသွားသောအခါရေနည်းသွားခြင်း | • ချောင်းမြောင်းရှိခြင်း<br>• ရေထိန်းနံရံများဆောက်လုပ်နိုင်ခြင်း<br>• ဆည်နေရာအဟောင်းရှိနေခြင်း<br>သဲ၊ ကျောက် ရနိုင်ခြင်း<br>သစ်သားတိုင်များရနိုင်ခြင်း<br>လုပ်အားများထည့်ဝင်နိုင်ခြင်း | • ချောင်းမြောင်းများရှိသော်လည်းရေမနေခြင်း<br>• ငွေကြေးမတတ်နိုင်ခြင်း<br>• ချောင်းရေနည်းခြင်း | • ကျေးရွာဆပ်ကော်မတီဖွဲ့စည်း၍ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ချောင်းကမ်းပါးများတိုက်စားခြင်းမှကာကွယ်ရန်<br>• ရေထိန်းနံရံများ၊ရေကာတာများ ပြုလုပ်ခြင်း | • စိုက်ပျိုးရေ ရရှိရန်ဆောင်ရွက်ခြင်း<br>• တဖက်ပိတ်ဆည်ကျောက်စီနံရံတည်ဆောက်ခြင်း<br>• ရေထိန်းနံရံ၊ရေကာတာများပြုလုပ်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၅။ | • သီးနှံအထွက်နှုန်း မကောင်းခြင်း | • စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုများ မရှိခြင်း<br>• မျိုးကောင်းမျိုးသန့်များ မစိုက်ကြခြင်း<br>• ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာ သုံးစွဲရန် နည်းလမ်းမသိခြင်း<br>• ပိုးမွှားကျရောက်မှုကို မဖြေရှင်းနိုင်ခြင်း | • စိုက်ပျိုးရေးဌာန ရှိခြင်း<br>• စိုက်ပျိုးရေးကုမ္ပဏီများ နှင့်အရောင်းဆိုင်များ ရှိခြင်း<br>• | • စိုက်ပျိုးရေးကုမ္ပဏီမှ ကွင်းဆင်းဝန်ထမ်းနည်းပါးခြင်း<br>• အရောင်းဆိုင်များသည် ဆေးဝါးများသုံးစွဲမှုကို ရှင်းပြနိုင်စွမ်း မရှိခြင်း<br>• မျိုးကောင်းမျိုးသန့် စိုက်ရကောင်းမှန်းမသိခြင်း<br>• အသိပညာ၊ဗဟုသုတ အားနည်းခြင်း | • စိုက်ပျိုးရေးဌာန နှင့်ချိတ်ဆက်၍<br>• စိုက်ပျိုးရေးနည်းပညာ၊ အသိပညာများ တိုးတက်အောင် ဆောင်ရွက်ခြင်း<br>• မျိုးကောင်းမျိုးသန့်များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း<br>• ပုဂ္ဂလိက စိုက်ပျိုးရေး သင်တန်းများ တက်ရောက်ပြီး ပြန်လည်သင်တန်း ပို့ချခြင်း | • သီးနှံအထွက်တိုးရန် ဆောင်ရွက်ခြင်း<br>• ဘက်စုံစိုက်ပျိုးရေးနည်းပညာတစ်ရက် သင်တန်းပြုလုပ်ကျင်းပခြင်း<br>• မျိုးကောင်းမျိုးသန့်များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း<br>• ပုဂ္ဂလိက စိုက်ပျိုးရေး သင်တန်းများ တက်ရောက်ပြီး ပြန်လည်သင်တန်း ပို့ချခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ | • သီးနှံအထွက်နှုန်း မကောင်းခြင်း | • စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုများ မရှိခြင်း<br>• မျိုးကောင်းမျိုးသန့်များ မစိုက်ကြခြင်း<br>• ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ သုံးစွဲရန် နည်းလမ်းမသိခြင်း<br>• ပိုးမွှားကျရောက်မှုကို မဖြေရှင်းနိုင်ခြင်း | • စိုက်ပျိုးရေးဌာန ရှိခြင်း<br>• စိုက်ပျိုးရေးကုမ္ပဏီများနှင့်အရောင်းဆိုင်များ ရှိခြင်း<br>• | • စိုက်ပျိုးရေးကုမ္ပဏီမှ ကွင်းဆင်းဝန်ထမ်းနည်းပါးခြင်း<br>• အရောင်းဆိုင်များသည် ဆေးဝါးများသုံးစွဲမှုကို ရှင်းပြနိုင်စွမ်း မရှိခြင်း<br>• မျိုးကောင်းမျိုးသန့် စိုက်ရကောင်းမှန်းမသိခြင်း<br>• အသိပညာ၊ဗဟုသုတ အားနည်းခြင်း | • စိုက်ပျိုးရေးဌာန နှင့်ချိတ်ဆက်၍<br>• စိုက်ပျိုးရေးနည်းပညာ၊ အသိပညာများ တိုးတက်အောင် ဆောင်ရွက်ခြင်း<br>• မျိုးကောင်းမျိုးသန့်များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း<br>• ပုဂ္ဂလိက စိုက်ပျိုးရေး သင်တန်းများ တက်ရောက်ပြီး ပြန်လည်သင်တန်း ပို့ချခြင်း | • သီးနှံအတွက်တိုးရန် ဆောင်ရွက်ခြင်း<br>• ဘက်စုံစိုက်ပျိုးရေး နည်းပညာတစ်ရက် သင်တန်းပြုလုပ်ကျင်းပခြင်း<br>• မျိုးကောင်းမျိုးသန့်များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း<br>• ပုဂ္ဂလိက စိုက်ပျိုးရေး သင်တန်းများ တက်ရောက်ပြီး ပြန်လည်သင်တန်း ပို့ချခြင်း |
| ၇။ | • တိရိစ္ဆာန်များကို စီးပွားဖြစ် မမွေးမြူနိုင် ခြင်း | • နည်းပညာ ကျွမ်းကျင်မှု မရှိခြင်း<br>• မျိုးကောင်းမျိုးသန့် မရှိခြင်း<br>• အရင်းအနှီးနည်းပါးခြင်း<br>• အိမ်ထောင်ဦးစီးအများစုသည် မူးယစ်ဆေးစွဲနေခြင်း | • မွေးမြူရေးလုပ်ကိုင်ရန် မြေနေရာရှိခြင်း<br>• စားကျက်မြေရှိခြင်း<br>• စိတ်ဝင်စားစွာ လုပ်ကိုင်လိုသူများ ရှိခြင်း<br>• ရေတွင်း၊ ရေကန် ၊ စိမ့်စမ်းရေများ ရှိခြင်း<br>• မွေးကုဦးစီးဌာန ရှိခြင်း | • အရင်းအနှီးနည်းပါးခြင်း<br>• ဌာနတွင်ဝန်ထမ်းအင်အား နည်း ပါးခြင်း | • မွေးကုဦးစီး:ဌာနနှင့်တိုင်ပင်ညှိနှိုင်း၍<br>• မွေးမြူရေးနည်းပညာ သင်တန်းများပို့ချခြင်း | • မွေးမြူရေးနည်းပညာ သင်တန်းများပို့ချခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၈။ | • ရပ်ရွာအဖွဲ့အစည်းများ စနစ်တကျ လုပ်ကိုင်ရာတွင် စွမ်းဆောင်ရည်နိမ့်ခြင်း<br>• ပြင်ပနှင့်အစိုးရအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း<br>• ကျေးရွာစီမံအုပ်ချုပ်ရာတွင် အားနည်းမှုရှိခြင်း | • အစဉ်အလာအရ ခေါင်းဆောင်ဆုံးဖြတ်သည့်အတိုင်း လိုက်နာသည့်အကျင့်ပါနေခြင်း<br>• ပြင်ပအဖွဲ့အစည်း၊ သင်တန်းတက်ရောက်ပါဝင်မှုတွင်တွန့်ဆုတ်နေ ခြင်း | • တစ်ဦးနှင့်တစ်ဦး မိသားစုသဖွယ် ရိုင်းပင်းကူညီစွာ ဆက်ဆံကြခြင်း<br>• ရွာသူရွာသားများတွင် ပင်ကိုယ်အရည်အချင်းရှိခြင်း | • ရှေးရိုးစွဲ အလေ့အကျင့်ကြီးမားခြင်း<br>• မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝ မရှိခြင်း<br>• ပင်ကိုယ်အရည်အချင်းရှိမှန်းမသိခြင်း<br>• လူ့အရည်အသွေးမြင့်မ ေ သည့် အခွင့်အလမ်းမရှိ စေခြင်း | • ကျေးရွာလူကြီးများကအားလုံးပူးပေါင်းပါဝင်လာအောင် လက်တွဲခေါ်ယူခြင်း<br>• အသိအမြင်များပွင့်လင်းလာအောင် သင်တန်းများ ပေးခြင်း<br>• စိတ်ဓါတ်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများပေးခြင်း | • လူစွမ်းအားအရင်းအမြစ်များ မြှင့်တင်သည့် အစီအစဉ်များ တည်ဆောက်ခြင်း<br>• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်မားလာအောင်ဆောင်ရွက်ခြင်း။<br>• စီမံအုပ်ချုပ်ရေးတွင် ကော်မတီဝင်များကိုစနစ်တကျဖွဲ့စည်းခြင်း |
| ၉။ | • ကျန်းမာရေးကောင်းမွန်စေသည့် အလေ့အကျင့်ကောင်းများ မရှိခြင်း | • ကျန်းမာရေးအသိပညာဗဟုသုတအားနည်းခြင်း<br>• စာဖတ်သည့်အလေ့အကျင့် ကောင်းများ မရှိခြင်း<br>• ဇတ်လမ်းတွဲများသာကြည့်ရှုနေခြင်း<br>• စားဝတ်နေရေးအတွက်သာ အချိန်ကုန်နေခြင်း<br>• အားကစားကွင်းမရှိခြင်း | • ကစားကွင်း နှင့် စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာရှိခြင်း<br>• | • | • အစိုးရအဖွဲ့အစည်းများအကူအညီယူ၍<br>• ကစားကွင်းများ တည်ဆောက်ပြီး ကျန်းမာရေးအလေ့အကျင့်ကောင်းများရရှိအောင်ဆောင်ရွက်ခြင်း<br>• လူငယ်များ စာဖတ်ချင်စိတ်ရှိလာအောင် ဖန်တီးပေးခြင်း | • အပန်းဖြေအားကစားကွင်းများ တည်ဆောက်ခြင်း<br>• ကျန်းမာရေးပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း<br>• စာကြည့်တိုက်ဆောက်လုပ်ခြင်း<br>• စာပေဟောပြောပွဲများကျင်းပခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀။ | • မူးယစ်ဆေးဝါးသုံးစွဲမှု များပြားခြင်း | • ရွာထဲတွင် ဝယ်ယူရရှိနိုင်ခြင်း<br>• ပေါပေါများများ နှင့် စိတ်ကြိုက်ဝယ်ယူရရှိနိုင်ခြင်း<br>• အုပ်ချုပ်ရေး နှင့် လုံခြုံမှု အားနည်းခြင်း | • လူငယ်အဖွဲ့အစည်း ရှိခြင်း<br>• အုပ်ချုပ်ရေးအဖွဲ့ရှိခြင်း<br>• မြို့နယ်ရဲစခန်းရှိခြင်း | • အုပ်ချုပ်ရေးအားနည်းခြင်း<br>• လုံခြုံရေးအားနည်းခြင်း<br>• ကင်းလှည့်ရဲ မရှိခြင်း | • လုံခြုံရေး နှင့် အုပ်ချုပ်မှု ပုံစံအဆင့် မြှင့်တင်ခြင်း<br>• မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟော ပြောပွဲများပြုလုပ်ခြင်း<br>• ဖမ်းဆီးအရေးယူခြင်း များကို သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | • မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအစီအစဉ် များဆောင်ရွက်ခြင်း<br>• မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟော ပြောပွဲများပြုလုပ်ခြင်း |
| ၅။ | • အချိန်မီထွန်ယက်စိုက်ပျိုး ရိတ်သိမ်းမှု မပြုလုပ်နိုင်ခြင်း | • လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်း<br>• ခိုင်းကျွဲ၊ နွား မလုံလောက်ခြင်း<br>• ငွေအင်အားမတတ်နိုင်ခြင်း | • လုပ်သားအင်အားရှိခြင်း<br>• စားကျက်မြေများရှိခြင်း<br>• စိုက်ပျိုးစရိတ်ချေးငွေရရှိခြင်း | • ငွေအင်အား မတတ်နိုင်ခြင်း<br>• အုပ်စုလိုက်ထုတ်ချေးခြင်းကြောင့် ချေးငွေနောက်ကျခြင်း | • သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်၍<br>• ချေးငွေအချိန်မီ ရရှိရန် ဆောင်ရွက်ခြင်း<br>• လယ်ယာသုံးစက်ကိရိယာများအရစ်ကျစနစ်ဖြင့်ဝယ်ယူရရှိရန် ဆောင်ရွက်ခြင်း | • လယ်ယာကဏ္ဍတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ချေးငွေအချိန်မီ ရရှိရန် ဆောင်ရွက်ခြင်း<br>• ခေတ်မီထွန်ယက်ပစ္စည်းများ အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းလုပ်ငန်း |

မာလကာတော ကျေးရွာ၊ ဝင်းကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံရွှေ | ဦးအောင်ရှိန် | ၅/ဝသဿန(နိုင်)ဝ၂၅၇၁၇ | ၅၇ | ဥက္ကဌ | ဝ၉-၂၅၈၈ဝ၅၂ဝ၁ |
| ၂ | ဦးမြင့်လွင် | ဦးသိန်ကျော် | ၅/ဝသဿန(နိုင်)ဝ၂၅၆၉ဝ | ၅၂ | အတွင်းရေးမှူး | ဝ၉-၂၅၉၅၃၇၅၂ |
| ၃ | ဦးအောင်ဦး | ဦးချစ်မောင် | ၅/ဝသဿန(နိုင်)၁၃၃၉ဝ | ၄၈ | စာရင်းကိုင် | |
| ၄ | ဦးသောင်းတင် | ဦးအုန်းဖေ | ၅/ဝသဿန(နိုင်) | ၅၆ | အဖွဲ့ဝင် | |
| ၅ | ဦးအောင်လွင် | ဦးအောင်နီ | ၅/ဝသဿန(နိုင်)ဝ၃၇၂၄၈ | ၄၁ | အဖွဲ့ဝင် | |
| ၆ | ဦးကြည်အောင် | ဦးချစ်မောင် | ၅/ဝသဿန(နိုင်) | ၅၈ | အဖွဲ့ဝင် | |
| ၇ | ဦးခင်သောင်း | ဦးချစ်လှိုင် | ၅/ဝသဿန(နိုင်)ဝ၂၅၇၃၇ | ၅ဝ | သော့ကိုင်(၁) | |
| ၈ | ဦးလှမြင့် | ဦးအုန်းမောင် | | ၄၃ | သောကိုင်(၂) | |
| ၉ | ဦးခင်မောင်ချင်း | ဦးကြီးမောင် | | | အဖွဲ့ဝင် | |
| ၁ဝ | ဦးမျိုးခိုင် | ဦးဘသိန်း | | | အဖွဲ့ဝင် | |
| ၁၁ | ဦးခင်မောင်မြင့် | ဦးကြီးမောင် | | | အဖွဲ့ဝင် | |
| ၁၂ | ဦးစိန်သန်း | ဦးဆင်မောင် | | ၄၂ | အဖွဲ့ဝင် | |
| ၁၃ | ဦးစိုးမင်းသူ | ဦးမြဝင်း | | | အဖွဲ့ဝင် | |
| ၁၄ | ဦးကြိုင် | ဦးပြုး | | ၆၃ | အဖွဲ့ဝင် | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅ | ဦးမြင့်အောင် | ဦးအုန်းမောင် | | | အဖွဲ့ဝင် | |

# ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

**အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | –မာလကာတောကျေးရွာ |
| ကျေးရွာအုပ်စု | – ဝင်းကြီကျေးရွာအုပ်စု |
| မြို့နယ် | – ဝန်းသိုမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | – စစ်ကိုင်းတိုင်းဒေသကြီး |

စီမံချက်အမည် – ကျေးရွာခြင်းဆက်လမ်း၊ရွာအဝင်လမ်းသဲကျောက်ခင်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

စာသင်ကျောင်းသို့သွား သောလမ်းများမကောင်းခြင်းဗွက်ထခြင်း၊လမ်းချော်ခြင်း

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း၊မြေသားလမ်းမှ ကျောက် ခင်းလမ်း သို့ အဆင့်မြင့်တင်ခြင်း

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ကျောင်းသားများစာသင်ကျောင်းသို့သွားလာရာတွင်အဆင်ပြေခြင်း၊ပညာသင်ကြားရာတွင်အခက်အခဲမရှိခြင်း

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ရွာအဝင်လမ်းသဲကျောက်ခင်ခြင်းလုပ်ငန်း(အလျှား၂၉၀၀၊ ပေအနံ၁၂ ပေ၊အမြင့်၉ ပေ)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀ သိန်း(ငွေသား)<br>• (ငွေသား)<br>• ……………………….(ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | ၄ | ၇ | ၁၁ | - | ၂၂ |
| **အကျိုးခံစားမည့် ဦးရေ** | ၈၃ | ၆၈ | ၁၅၁ | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ်<br><br>ကျေးရွာဆပ်ကော်မတီဖွဲ့စည်း၍လမ်းတံတားဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှလုပ်ဆောင်ရန်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ -၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀- ၂၀၂၁ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br><br>ကျောက်သဲများရရှိနိုင်ခြင်း၊သစ်သားတိုင်များရရှိနိုင်ခြင်း၊လုပ်အားများထည့်ဝင်ခြင်း |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |

| |
|---|
| ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ |

**အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ –မာလကာတောကျေးရွာ<br>ကျေးရွာအုပ်စု – ဝင်းကြီးကျေးရွာအုပ်စု<br>မြို့နယ် – ဝန်းသိုမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး |
| စီမံချက်အမည် – –ကွန်ဂရစ်တံတားတည်ဆောက်ခြင်း |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>စာသင်ကျောင်းသို့သွားသောတံတားပျက်စီးယိုယွင်းနေခြင်း၊ကြမ်းခြင်းများမကောင်းခြင်းလက်ရန်းများယိုင်နဲ့နေခြင်း၊ ယာဉ်များဖြတ်သန်းသွားလာ၍မရခြင်း၊အန္တရာယ်ရှိခြင်း။ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>**ကွန်ဂရစ်တံတားတည်(၂)ဆောက်ခြင်း၊ (အလျား၁၀ ပေ၊အနံ ၁၄ ပေ၊ အမြင့်၉ ပေ )**<br>**(အလျား၁၀ ပေ၊အနံ ၁၄ ပေ၊ အမြင့်၉ ပေ )**<br>ကွန်ဂရစ်တံတားနှင့်ချဉ်းကပ်လမ်းခင်းခြင်း |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)<br>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ကျောင်းသားများစာသင်ကျောင်းသို့သွားလာရာတွင်အဆင်ပြေခြင်း၊ပညာသင်ကြားရာတွင်အခက်အခဲမရှိခြင်း |

| |
|---|
| |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>ရွာအဝင်တံတား၂စင်းကို **ကွန်ဂရစ်တံတားတည်(၂)ဆောက်ခြင်း၊**<br>**(အလျား၁၀ ပေ၊အနံ ၁၄ ပေ၊ အမြင့်၉ ပေ )**<br>**(အလျား၁၀ ပေ၊အနံ ၁၄ ပေ၊ အမြင့်၉ ပေ )** |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀ သိန်း(ငွေသား)<br>• (ငွေသား)<br>• ……………………….(ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | | | | ၄ | ၇ | ၁၁ | - | ၂၂ |
| **အကျိုးခံစားမည့် ဦးရေ** | ၈၃ | ၆၈ | ၁၅၁ | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ်<br><br>ကျေးရွာဆပ်ကော်မတီဖွဲ့စည်း၍လမ်းတံတားဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှလုပ်ဆောင်ရန်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ -၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀- ၂၀၂၁ |

| |
|---|
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br><br>ကျောက်သဲများရရှိနိုင်ခြင်း၊သစ်သားတိုင်များရရှိနိုင်ခြင်း၊လုပ်အားများထည့်ဝင်ခြင်း |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br><br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် | –မာလကာတောကျေးရွာ<br>– ဂင်းကြီကျေးရွာအုပ်စု<br>– ဝန်းသိုမြို့နယ်<br>– စစ်ကိုင်းတိုင်းဒေသကြီး |
| စီမံချက်အမည် – | –တဖက်ပိတ်ဆည်ကျောက်စီနံရံတည်ဆောက်ခြင်း |
